# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## (၁၄-၂-၂၀၂၀) (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ကော်မတီ(၁၅)ခု၏ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်ရှိ ပြည်သူများ လူနေမှု ဘဝ တိုးတက်မြင့်မားလာစေရန် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဈေးအား ပန်ဆောင်မြို့တွင် ဖွင့်လှစ်ပေးမည့် အစီအမံများအား သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **မြေယာလျော်ကြေးပေးအပ်ရန် ကတိပေးညှိနှိုင်းထားသည့်အတိုင်း တိကျသည့်အချိန် သတ်မှတ်ပေးပါရန်နှင့် ပြန်လည်နေရာချထားရေး လျော်ကြေးနစ်နာကြေးပေးအပ်ရေးကို တိကျ ခိုင်မာပြီး မျှတသောမူဝါဒဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **နိုင်ငံအတွင်းဆောင်ရွက်လျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့၏ အခြေအနေများနှင့်ပတ်သက်ပြီး သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ **ဆောမြို့နယ်၊ ရေရှင်ကျေးရွာရှိ ရေရှင်မြောင်း (ငါးရွာမြောင်း)တွင် ကွန်ကရစ်ကျောက်တိုင် (၄) တိုင်နှင့် အစွန်းနှစ်ဖက်ခေါင်းနှုတ်သီး (၂) ခုတို့ကို ရေရှည်ခိုင်ခံ့မည့် ကျောက်တိုင်ကြီး များအဖြစ် အမြန်ဆုံးတည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **ကြို့ပင်ကောက်မြို့နယ်၊ ဂုမ္ဘကွင်းအုပ်စု၊ ကြို့ကုန်းကျေးရွာ အနောက်ဂုမ္ဘကွင်းကျေးရွာ၊ တောင်သူ လယ်သမားများ၏ လယ်များမှကောက်ပဲသီးနှံများ ကျေးရွာအရောက် သယ်ယူရန် မြို့လယ်ချောင်းကူးတံတား (ကုန်ထုတ်တံတား) တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **လယ်ယာလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်း ပြုနေကြသော တောင်သူများအတွက် လယ်ယာ လုပ်ငန်းခွင်၌ လိုအပ်သော လယ်ယာသုံး စက်ကိရိယာ၊ သွင်းအားစု ဓာတ်မြေဩဇာ၊ လယ်ယာသုံးပစ္စည်းများကို ပြည်တွင်း၌ပင် စက်ရုံများ တည်ထောင်ကာ ထုတ်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၏ **မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့ မြေပုံအား မည်သည့်အချိန်တွင် အတည်ပြု ထုတ်ပြန်ပေးနိုင်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။